# ကျမ

နောင်ဖွဲ့မိုး



# အခန်း (၁)

''ဗွမ်း''

''ပိုက်စုတ်လေးနဲ့ ပက်တာလောက်တော့ ရယ်တာပေ့ါ၊ ရယ်တာပေ့ါ၊ ခွက်စုတ်လေးနဲ့ ပက်တာလောက်တော့ ရယ်တာပေ့ါ၊ ရယ်တာပေ့ါ''

''အပျိုကြီးတွေ လင်မရလို့ လန်ဒန်မြေပဲယို ဟေ့ ဟေ့၊ အပျို ကြီးတွေ လင်မရလို့ လန်ဒန်မြေပဲယို၊ ကြံသကာပါမှ ချို ချို ချို''

နေ့ထူးမြတ်က အော်ရင်းဟစ်ရင်း လက်ကလေးကို ပွစိပွစိ ဆုပ်ချည်ဖြန့်ချည် လုပ်ပြနေတာမို့ မိန်းကလေးအကြီးအငယ် ပြုံးစေ့စေ့ ဖြင့် နောက်ဆုတ်သွားကြသည်။

မခေင်ထူးတို့ကလည်း ရေပိုက်လာရာဘက်ကို ဖင်ပေး၍ မျက် နှာပြောင်ပြောင်နှင့် ခုန်ပေါက်အော်ဟစ်ကာ အပျော်လွန်နေ၏ ။

''ဒီအတွဲက လိုက်တယ်ဟေ့၊ လန်ထွက်နေတာပဲ''

''အကဲလေး အကဲလေး''

ကားပေါ်ကလည်း သူတို့နှစ်ယောက်ကို သံသေးသံကြောင်ဖြင့် အော်ဟစ်သွားကြသည်။ သင်္ကြန်ဆိုတာ လွတ်လပ်စွာ အပျော်လွန်ဖို့လား။ အားလုံး သူ့ထက်ကဲ ရွှေပြည်စိုးတွေချည်းပင်။

''မခေင်ထူး''

''ဘာလဲ''

''ငါတို့ တခြားမဏ္ဍာပ်သွားရအောင်၊ ဒီမှာက စော်လန်းလန်း လေးတွေ သိပ်မရှိဘူးဟ၊ အသက်ကြီးကြီးတွေ များတယ်''

''ငါတို့ တစ်နေရာမှာ ခဏနားချင်တယ်၊ တစ်နေကုန် ကဲနေတာ နည်းနည်းနာနေပြီ၊ ဗိုက်လည်းဆာတယ်''

''အကြော်ဆိုင်သွားဆွဲမလား''

''နင့်မှာ ပိုက်ဆံကျန်သေးလို့လား''

''အကြော်တစ်ပွဲလောက်တော့ ဆွဲလို့ရပါသေးတယ်''

''ဒါဆို လိုမ့်မယ်''

နေ့ထူးမြတ် စက်ဘီးနောက်ကနေ ကားယားခွ ခုန်တက်၍ ခါးကိုဖက်ကာ ရေပက်မဏ္ဍာပ်တွေကို ကျော်ဖြတ်လာခဲ့သည်။

''မြန်မြန် နင်းပါ ငါ့ကောင်ရ၊ ရေမွှန်းလို့ သေတော့မယ်''

''အောင်မာ ဒီအရသာ ခံချင်လို့ ထွက်လာတာ မဟုတ်ဘူးလား''

''ဒါတော့ ဒါပေါ့၊ နေပူတဲ့အရှိန်နဲ့ တစ်ကိုယ်လုံး ပူစပ်ပူလောင် ဖြစ်နေပြီ''

''မနက်ဖြန် အတက်နေ့၊ မထွက်တော့ဘူးလား''

''ဘယ်နေလိမ့်မလဲ၊ အိမ်မှာနေရင်းနဲ့ သင်္ကြန်ရက်ကြီး ကုန်ဆုံး သွားမှာ နှမြောစရာ''

''ဟား ဟား ဟုတ်ပါပြီ၊ မနက်ဖြန် ဘယ်လိုပုံစံမျိုးနဲ့ အိမ်က ပတ်ထွက်မှာလဲ''

''ဒီလိုပဲ နည်းလမ်းသုံးပြီး ထွက်ရမှာပေါ့၊ လူကြီးတွေက ငါတို့ လောက် အိုင်ကျူမမြင့်ပါဘူး''

''မှန်တယ် မေခင်ထူး၊ ညည်းစကားလုံးတွေ အရမ်းမြောက် တာပဲ၊ ငါ့ကို နှစ်ကျပ်ဖိုးလောက် ရောင်းပါလား''

''နင့်ဆိုရင် အလကားပေးမယ်၊ ဒါပေမဲ့ အသုံးချမယ်ဆို ငါ့ကို ဆရာခေါ်ရမယ်''

''ဂွတ်(ဒ်)''

တစ်လမ်းလုံးပြောလာကြတာ ရေရေရာရာ အလေးအနက် တစ်ခွန်းမှမပါ။ ဘယ်သူ့ကိုမှ ဘာအကြောင်းရယ်မှ ဂရုစိုက်တတ်တာ မျိုးလည်း မဟုတ်ဘဲ ပေါ့ပေါ့ပါးပါးပဲ နေတတ်ကြသည်။

''ဟိုသစ်ပင်အောက်မှာ လူရှင်းတယ်၊ အကြော်ပန်းကန် အဲဒီ ကို ယူခဲ့''

နွေ့ထူးမြတ် စက်ဘီးဒေါက်ထောက်နေစဉ်မှာ မေခင်ထူးက သစ်ပင်အောက်သွား၍ နေရာဦးလိုက်သည်။ သင်္ကြန်ရက်ဆိုလျှင် လူတွေရှိသမျှအားလုံး အပြင်ထွက်အပျော်လွန်နေကြသည် ထင်၏။

ဘယ်နေရာကြည့်ကြည့် အုန်းအုန်းထ ပွက်လောညံနေသည်။ ခေတ်မိန်းကလေး ယောကျ်ားလေးတွေက ဝတ်စားဟော့ရမ်းနေလိုက်တာ ယဉ်ကျေးမှုမဲ့သိက္ခာပျက်။

အတွဲတွေကလည်း မြင်မကောင်း ရှုမကောင်း။

ဒါပေမဲ့ နွေ့ထူးမြတ်နှင့်မေခင်ထူးကတော့ ချစ်သူရည်းစားအတွဲ မဟုတ်ပေ။ ခြံဝင်းချင်းကပ် အိမ်နီးနားချင်း သူငယ်ချင်းတွေ။

''ရပြီ ဆွဲတော့၊ ရေနွေးမရတော့ဘူးတဲ့၊ ရေသန့်ဘူး ဝယ်လာ ခဲ့တယ်''

''အဲဒါ သင်္ကြန်တွင်းမို့ ရေသန့်ဘူးရောင်းရအောင် ရိုက်တာ အကြော်ဆိုတာ ရေနွေးပူပူလေးနဲ့စားမှ ကောင်းမှာပေါ့''

''ဒီအချိန်ဆို ဒီလိုပဲ၊ စကားမများနဲ့ စား''

''ဟင် ပူစီနံနဲ့ ဆလပ်ရွက်ကလည်း နည်းနည်းလေး''

''ငါ ထပ်တောင်းသေးတယ်၊ မစားချင်ထားခဲ့၊ ဒီလောက်ပဲ ရမယ်တဲ့''

''ဘာ ပိုက်ဆံပေးစားတာ သူ့ဆီက အလကားယူတာမှ မဟုတ် ဘဲနဲ့၊ ဒီလိုပြောစရာလား၊ ငါ သွားချဲမယ်''

''မလုပ်စမ်းပါနဲ့၊ သင်္ကြန်တွင်းက ဈေးသည်တွေ ဒေါင်တင်းနိုင်တဲ့အချိန်လေ၊ မတန်မရာမှန်းသိလည်း ငတ်နေတော့ စားရတာ ပဲ''

''အလကား ကုသိုလ်မယူတတ်ကြဘူး၊ ကြီးပွားဦးမယ်''

''ကျိန်ဆဲမနေနဲ့၊ အကြော်တွေက အဆိပ်အပင်း ဖြစ်နေဦးမယ်''

''အဲလိုဆိုလည်း ဂန့်ပေ့ါ''

ပြောသာ ပြောနေပေမယ့် ပါးစပ်ထဲမှာက ပလုပ်ပလောင်း။ လည်နင်လို့ ရေနှင့်မျောချနေရတာ က ရှိသေး။

''ခဏနေပတ်ပြီးရင် အိမ်ကိုစောပြန်ရအောင်၊ နောက်နေ့ ဆင်ခြေပေးပြီး ထွက်လို့မရ ဖြစ်နေဦးမယ်''

''နင့်အမေရော ငါ့အမေရော အနိုင်အထက် မတားဆီးရဲပါဘူး ဟာ၊ သူတို့လည်း သူတို့အလုပ် ကောင်းကောင်းလုပ်နေပါတယ်''

''ဟုတ်ပါတယ် ဒါပေမဲ့ ရေမလျှံတာ တကယ်ဂေါက်တယ်၊ သူများတွေများ သုံးဖြုန်းနေလိုက်တာ''

''ငါတော့ မမဆီရသလောက် သွားချူမယ်၊ ဘိုးတော်ကြီးကို နည်းနည်းချွဲခိုင်းလိုက်ရင် ကြွေလာမှာပဲ''

''ငါ့အစ်ကိုကတော့ မမိုက်ပါဘူးဟာ၊ အဝတ်အစားကိုတော့ သူ့မိန်းမကိုပြောပြီး ငှားပါတယ်၊ ပိုက်ဆံတောင်းတော့ မိန်းမက သူ့ကို တစ်ပြားမှ

ပေးမကိုင်ဘူးတဲ့၊ အဲဒါနဲ့ မေမေတို့ကို သကြံ့န်တွင်း ဥပုသ်စောင့်ဖို့ပေးတဲ့ပိုက်ဆံထဲက ခွဲတမ်းယူလာတာ''

''သမာဓိအားကောင်းအောင် နင့်အမေချဲထိုင်တွက်နေတာ မဟုတ်လား၊ နင့်အဖေရော''

''သူ့အတွက်လည်း နေ့တွက်ကိုက်ရုံမကဘူး၊ ရေချိန်ပါလွန်နေသေးတယ်၊ ဒီရက်က ဆိုက်ကားဆွဲကောင်းတယ်လေ၊ အိမ်ပြန်လာရင် အမှောက်ပဲ၊ ငါနဲ့အမေက အဖေမူးအိပ်နေရင် ပိုက်ဆံခိုးဖို့ချောင်းရတာ အမော''

''ဟင်း ဟင်း သူခိုးကြီးနဲ့ သူခိုးလေးကို ဟိုက နိုးလာရင် နောင်ဂျိန်ပလေးတော့တာပဲ မဟုတ်လား''

''ပျော်စရာကောင်းတယ်ဟ''

စိတ်ညစ်စရာလို့ တွေးမိပုံမရဘဲ ကျယ်ကျယ်လောင်လောင် ပေ့ါပေ့ါပါးပါးပင် ရယ်လိုက်ကြသည်။

တစ်နေကုန် တစ်ညနေလုံးလည်ပြီး အိမ်ပြန်ချိန်ရောက်မှ တစ်ကိုယ်လုံးလည်း ရေတွေကြောင့် နူးပွနေကာ ချမ်းလွန်းလို့ တဆတ်ဆတ်တုန်နေကြသည်။

''မင်းထိုက်ရော အိမ်ပြန်ရောက်နေပ့ါမလား မသိဘူး၊ အဝတ် အစားတွေ ဝင်လဲရဦးမှာ''

''ဒီကောင် ဖွန်ကြောင်က အိမ်စောင့်ရမှာဆိုတော့ စောစော ပြန်မှာပါ၊ သူ့အမေက တရားစခန်းဝင်နေတာ၊ အိမ်ကပစ္စည်းတွေ သူခိုး ခိုးခံရလို့ကတော့ အိမ်ပေါ်က ခေါင်းနဲ့ဆင်းရလိမ့်မယ်''

''ကဲ မြန်မြန်နင်း ချမ်းနေပြီ''

ဘောင်းဘီနဲ့မို့ နောက်က ကယ်ရီယာခုံပေါ်မှာ လွှားခနဲ ခွတက်

လိုက်ကာ အနွေးဓာတ်ရအောင် နေ့ထူးမြတ် ခါးကို သိမ်းကျုံးဖက်ထား လိုက်သည်။ နေ့ထူးမြတ်က ယားတယ်ဟုအော်ကာ စက်ဘီးကို တွန့်လိမ် ၍ နင်းသည်။

ဒါကို မေခင်ထူးက အသည်းယား၍ ခါးကို ကလိထိုးလိုက်၊ ဂုတ်ကို လက်နှင့်ကုတ်လိုက်ဖြင့် စနောက်နေသည်။

မြင်မြင်သမျှဟာ သူတို့နဲ့ ဘာမှမဆိုင်သလို ...။

***

## အခန်း (၂)

''မဆိုင်သလို နေမလို့ပဲ၊ ဒါပေမဲ့ မေးတော့ မေးရဦးမယ်၊ ညည်းက တရားစခန်းကို လုပ်အားသွားပေးတာမှ ဟုတ်ရဲ့လား၊ ယောဂီ ဝတ်စုံက ဘာလို့ ဖရိုဖရဲ ဖြစ်နေတာလဲ''

အမေပြောမှ ကိုယ့်ကိုယ်ကို ပြန်ငုံ့ကြည့်မိတော့ မင်းထိုက်အိမ် မှာ ဝရုန်းသုန်းကား ဝင်လဲလာခဲ့သည့် ယောဂီဝတ်စုံက ကြယ်သီးတွေ တောင် အပေါ်အောက်မညီ။

ယောဂီသဘက်က စလွယ်သိုင်းသလို ပတ်ထားမိပြီး ထဘီက စွန်တောင်ဆွဲလို့။

''အမေရယ် တစ်နေကုန် တရားအားထုတ်တဲ့သူတွေအတွက် မနက်စာ၊ နေ့လယ်စာ၊ အအေးချိန်တိုင်အအေးနဲ့ ပြည့်စုံအောင် မနည်း လုပ်ပေးနေရတာ ၊ ပင်ပန်းလွန်းလို့ အပြန်ကျ လှုပ်ကိုမလှုပ်ချင်တော့တာ၊ ဖြစ်နိုင်ရင်လေ အကျႌတွေ ထဘီတွေတောင် မဝတ်ချင်ဘူး''

''ဟဲ့ အဲလောက် ပင်ပန်းနေလည်း ဘာလို့ သွားလုပ်နေလဲ၊ အိမ်မှာပဲ အေးအေးလူလူနေပ့ါလား''

''အမေတို့ အဲဒါတွေ ခက်တာ၊ သူများက တရားအားထုတ် တဲ့သူက အားထုတ်၊ ငွေကုန်ခံပြီး အကျွေးအမွေးနဲ့ ကုသိုလ်ယူတဲ့သူကယူ၊ ဒါကို ခင်ထူးတို့က လုပ်အားပေးပြီး ကုသိုလ်မယူတတ်ရင် ဘာရမှာလဲ အမေ၊ ဟိုမှာလေ အမေတို့အရွယ်တွေရော၊ ခင်ထူးတို့အရွယ် မိန်းကလေး ငယ်တွေရော၊ တရားအားထုတ်နေလိုက်ကြတာ ငါ့အမေများ အဲလိုနေရာ မှာရှိရင်

ဘယ်လောက်များ ကောင်းမလဲလို့ တွေးမိတယ် တကယ်''

''ငါ့လက်နဲ့တော့ နီးတော့မယ်နော်''

အမေ မျက်စောင်းနှင့် အံကြိတ်သံကြောင့် မေခင်ထူး ဇက်က လေး ပုဝင်သွားသည်။ နီးလျှင်တော့ ခေါင်းကို ဒေါက်ခနဲ ခေါက်ခံရမှာ သေချာ၏ ။

''အမေ ''

''ဘာလဲ''

''ဒီနေ့ ဘာဟင်းချက်ထားလဲ''

''ဘာ ရိပ်သာကနေ ညည်း ဘာမှစားမလာခဲ့ဘူးလား၊ လုပ် အားပေးတဲ့သူကို ဟိုက ထမင်းလေးတောင် ကျွေးမလွှတ်ဘူးလား မေခင် ထူး''

''ကျွေးတော့ ကျွေးတာပေါ့ အမေရယ်၊ ဒါပေမဲ့ ပူတာနဲ့ ပင်ပန်း တာနဲ့ မစားနိုင်ပါဘူး၊ ပြီးတော့ ဘာအသားမှ မပါဘူး၊ သက်သတ်လွတ် ဟင်းကြီး အမေရဲ့၊ ပါဏာတိပါတာ မပါရင် ဟာတိဟာတာ ဖြစ်တာ၊ အမေလည်း အဲလိုပဲ မဟုတ်လား''

''ငါတယ် ငါ့ကို ဆွဲထည့်ပြန်ပြီ၊ သွား အုပ်ဆောင်းထဲမှာ ကြက်သားဟင်း ဝယ်စားထားတာ တစ်တုံးကျန်သေးတယ်''

''ဟင် အမေ ထမင်းဟင်းချက်ဖို့တောင် မအားဘူးလား၊ ဒီနေ့ ဘယ်လောက်နိုင်ခဲ့လဲဟင်၊ ခင်ထူးကို မုန့်ဖိုးပေး''

လက်ဝါးဖြန့်လာသော ခင်ထူး လက်ကို အမေက ဖြန်းခနဲ ရိုက်ပစ်ကာ

''အဲဒါပဲရမယ်၊ ဒီမှာ အကြွေးတင်လာလို့ စိတ်ညစ်နေတာ''

''ဒါဆို မမဆီ လှမ်းဖုန်းဆက်တောင်းလိုက်ပါလား အမေ၊ သကြၤန်ရက်သုံးဖို့ပေးတာ မလောက်ဘူးဆိုပြီး''

''အဲလိုပြောဖို့တော့ စဉ်းစားထားတာ၊ ဒါပေမဲ့ သူပေးထားတဲ့ ရက်နဲ့

ကပ်နေသလားလို့ သူ့ယောက်ျားက ငြိုငြင်လာရင် မကောင်းဘူး''

''အဟော် အမေတို့များ ခက်တယ်၊ အငယ်အနှောင်းလုပ်ထား တာ၊ ဒီလောက်တော့ ခံစားခွင့် ရှိဦးမှပေါ့၊ ဘယ်သူက သူ့လို အသက် ကြီးကြီးကို ယူချင်လို့လဲ၊ အမေ ဇွတ်သဘောတူလို့ အဲဒီ လူကြီး မမကို ရတာ လေ၊ မဟုတ်ရင် မမလိုလူက အဲဒီ လူကြီးဘက်လှည့်ပြီး နှပ်တောင် မပစ်ဘူး''

မေခင်ထူး စကားကြောင့် ဒေါ်ကျော့ရှင်း ရယ်လိုက်ကာ

''ဟုတ်တယ် သမီးအချောအလှ အပျိုစင်လေးကို ဒီလို အထောက်အပံ့မရဘဲနဲ့ ဘယ်မိဘက ကြည်ကြည်ဖြူဖြူ ထိုးအပ်မှာလဲ၊ ကြာတယ်၊ ငါ လမ်းထိပ်ဖုန်းသွားဆက်လိုက်ဦးမယ်၊ ညည်းဘာသာ ထမင်းစားနှင့်''

''အိုကေ အမေ မြန်မြန်လာနော်၊ ရတယ်ဆိုရင် တစ်ယောက် တစ်ဝက်''

''တစ်ဝက်တော့ မရဘူး၊ ငါ သဒ္ဓါသလောက်ပဲ''

''ရတာ အမြတ်ပေါ့''

အမေကို မခံချင်အောင်ပြောလိုက်ပြီး တစ်ယောက်တည်း ကြိတ် ပြုံးမိသည်။ အမေ့ဆီက မရတောင် မမဆီ ကိုယ်တိုင်လက်ဝါးသွားဖြန့် မှာမို့ပါ။

အသက်နှစ်ဆယ့်ငါးနှစ်တောင် မရှိသေးသည့် မမက အသက် ငါးဆယ်နီးပါး အဘိုးကြီးကို ယူထားရတာ ။ ဒီလူကြီးမှာ သားကြီးမယား ကြီးနှင့်။

ဒါပေမဲ့ မမနှင့်ယူတာကို အနှောင့်အယှက်မပေးဘဲ ကြည်ကြည် ဖြူဖြူပဲတဲ့။ ကာရာအိုကေတို့ ကေတီဗွီတို့က မိန်းကလေးတွေနှင့် နာမည် ပျက်ရမှာထက်စာရင် သိက္ခာရှိသေးသည်လို့ ယူဆပုံရသည်။

သူတို့လို ချမ်းသာသည့် အသိုက်အဝန်းအတွက် အငယ်အ နှောင်းထားတာ မထူးဆန်းဘူးလို့ ထင်နေလားမှ မသိတာ။ မမကို အဲဒီ လူကြီးနှင့် အမေ လက်ထပ်ပေးမည်ဆိုတုန်းက ကိုယ့်မှာတော့ ငို လိုက်ရတာ ။

''အမေရာ မမကို အဘိုးကြီးနဲ့တော့ မပေးစားပါနဲ့၊ သူ့မှာ မိန်းမလည်းရှိတယ်၊ သားသမီးတွေလည်း ရှိတယ်''

''သူ့မှာ ပိုက်ဆံလည်းရှိတယ်ဟဲ့၊ ငါတို့မှာ ညည်းတို့အဖေ သေကတည်းက ထမင်းတောင် နပ်မှန်လို့လား၊ ဟိုဟာပေါင်စား၊ ဒီဟာ ပေါင်စားနဲ့ ရှိတာတွေလည်း ကုန်ပြီ၊ သူ့ကို ညည်းအစ်မမယူရင် ငါတို့ တင့်တောင့်တင်တယ် နေရမှာ၊ အိမ်ဂရန်လည်း ပြန်ရွေးပေးမယ်၊ အတွင်း ပစ္စည်းလည်း ဝယ်ထည့်ပေးမယ်တဲ့၊ လစဉ်စားစရိတ် ညည်းကျောင်း စရိတ်လည်း ထောက်ပံ့ပေးမှာ၊ ပြီးတော့ ညည်းအစ်မကိုလည်း တင့်တင့် တယ်တယ် ထားမှာပဲ''

''မချမ်းသာချင်နေပါစေ မမကိုသူများအငယ်အနှောင်း မလုပ် ခိုင်းပါနဲ့လား၊ မမကို တခြားကောင်းတဲ့သူနဲ့ ပေးစားလိုက်ပါ''

''ဟဲ့ ညည်းအစ်မကိုယ်တိုင်က ငယ်ရွယ်သူတွေကို မကြိုက်ဘဲ ဒီလူကြီးကို သံယောဇဉ်ဖြစ်နေတာ၊ သူ လူတစ်လုံးသူတစ်လုံး နေရမယ် ဆိုတာကို ဦးနှောက်နဲ့တွေးတာ၊ နှလုံးသားနဲ့ ရွေးချယ်နေရင် ဘယ်သူက ထမင်းကျွေးမှာလဲ၊ လူရာဝင်အောင် ထားမှာလဲ၊ ညည်း ကျောင်းထွက် ပြီး ဈေးတောင်း ခေါင်းပေါ်ရွက်မလား ကဲ ပြော''

ထိုအချိန်က အမေနှင့်အတိုက်အခံတွေ ဖြစ်ခဲ့သော်လည်း အမေ့စကားကို ခေါင်းမညိတ်မိခဲ့ပေ။ ဆင်းရဲချို့တဲ့ ငတ်ပြတ်မှာကိုတော့ သူမလည်း ကြောက်ပါသည်။

ပြီးတော့ ငယ်ရွယ်သေးသည့်အရွယ်မို့ ပင်ပန်းမှာလည်း စိုးရွံ့ ခဲ့သည်။

ဒါကြောင့်ပင် မမ မင်္ဂလာဦးညမှာ မျက်ရည်တွေနှင့် လက်ဖွဲ့ ပေးခဲ့ပြီး ...။

***

## အခန်း (၃)

''ရှတ် ရှတ်''

အမေ ချန်ထားသည့် ကြက်သားဟင်းတစ်တုံးက ဆိုင်ကဟာ မို့ အရသာမတွေ့လှပေ။ ဒါကြောင့်မို့ ထမင်းဇလုံထဲမှာ ဟင်းကိုပုံပြီး အိမ်အောက်ဆင်းလာခဲ့သည်။

ပြီးမှ နေ့ထူးမြတ်တို့အိမ်ဘက် အခြေအနေ အကဲခတ်ပြီး အိမ်ပေါ်က ဆင်းလာသည့် နေ့ထူးမြတ်ကို အသံပေးလိုက်တာ။ နေ့ထူး မြတ်က ဟိုကြည့်ဒီကြည့်လုပ်ပြီးမှ ရေစည်ပိုင်းအနီးက ခြံစည်းနား တိုးလာပြီး

''ဘာလဲ''

''နင့်အိမ် ဘာချက်လဲ၊ ဒီမှာ ဟင်းမကောင်းလို့''

''အာ ဒီမှာ ထမင်းဘယ်လိုစားရမှန်းတောင် မသိဘူး၊ သူငယ်ချင်း အလှူသွားတယ်ဆိုပြီး ဘာမှစားမလာခဲ့ဘူးလား ဘာညာပြောမှာ ကြောက်လို့''

''နင်ကလည်း ခိုးစားပေါ့၊ ဘာခက်တာမှတ်လို့''

''ငါလည်း အဲလိုလုပ်ဖို့ ကြံစည်နေတာပဲ၊ မနက်ဖြန် ချဲထွက်ရင် ပေါက်အောင်လို့ တင်ဖို့မြှောက်ဖို့ လုပ်ထားတဲ့ ကြက်သားကြော်တွေ တွေ့တယ်၊ အဖေအိပ်တာနဲ့ အမေချဲတွက်ရင် ငါခိုးလာခဲ့မယ်၊ ငါ့ကိုစောင့် နော်၊ မစားနဲ့ဦး''

''အေးပါ''

နေ့ထူးမြတ် ခပ်သုတ်သုတ် ပြန်ထွက်သွားသည်။ မှောင်ရီပျိုး နေပြီမို့ မပီဝိုးတဝါး အလင်းရောင်အောက်မှာ နေ့ထူးမြတ်ပုံစံက ခိုး ကြောင်ခိုးဝှက်။

ဟင်းကောင်းကောင်းစားရဖို့ ရေချိုးကျောက်ပြားပေါ်မှာ မေခင် ထူးဆောင့်ကြောင့်ထိုင်၍ စိတ်ရှည်ရှည်စောင့်နေလိုက်သည်။

ဒီနေရာလေးက နေ့ထူးမြတ်နှင့်မေခင်ထူး မဟုတ်တာတွေလုပ် ဖို့ တိုင်ပင်ဖြစ်သည့် ဆုံရပ်လေးပါ။

နေ့ထူးမြတ်နှင့်မေခင်ထူးဆိုတာက တိုက်ဆိုင်စွာ မွေးနေ့မွေး ရက်တူပြီး ကံကြမ္မာကလည်း ထူးမခြားပေ။ ပြီးတော့ စရိုက်တူ အသွင်တူ ပြီး မိဘတွေကို အရွဲ့တိုက်တာ ဘဝကို ပေ့ါပေ့ါပါးပါးပဲ ဖြတ်သန်းချင်ကြ သည်။ အသက်က ဆယ့်ကိုးနှစ်ထဲမှာ၊ ဆယ်တန်းနှစ်ခါကျပြီး ပညာရေး မှာလည်း နှစ်ယောက်လုံး မထူးချွန်ကြ။

''ရွှတ် မေခင်ထူး''

''ရှိတယ်''

''ငါ ကျော်ဝင်လာပြီနော်''

''အေး''

ပြောပြောဆိုဆိုနှင့် ခြံနွယ်တွေကို တိုးတိုက်ကာ နေ့ထူးမြတ် ဒီဘက် ရောက်လာသည်။ လက်ထဲမှာလည်း ထမင်းဇလုံနှင့် ကျောက်ပြား ပေါ်မှာ ဒီအတိုင်း ထိုင်ချ၏ ။

''ပေး ကြက်ကြော်''

''ရော့ အသည်းအမြစ်ပါပါတယ်''

''မနက် ဘယ်လိုဖြေရှင်းမှာလဲ''

''ကြောင်စားသလို ကြွက်စားသလိုနဲ့ ရှူးချင်ယောင်ဆောင်နေ လိုက်မှာပေ့ါ''

''ဟဲ့ နင့်နှုတ်ခမ်းမွေးတွေ ရိတ်ဦး''

''ညည်းက ဒီအမှောင်ထဲမှာ ငါ့နှုတ်ခမ်းမွေးကို မြင်တယ်''

''မကြည့်ဘဲလည်း သိနေတာပဲဟာကို၊ နေဦး မနက်ဘယ် အချိန် ထွက်မှာလဲ''

''အေး အဲဒါပြောမလို့ လျှောက်လည်မှာဆိုရင် ပိုက်ဆံမပေးဘဲ ကကျီကကျောင်လုပ်နေမှာစိုးလို့ လိမ်ညာထွက်နေရတာ လည်း ဆင်ခြေတွေ က စုံနေပြီ၊ မနက်ဖြန် ဖြောင်ပဲပြောပြီး ထွက်မလားလို့''

''နင် အဆင်ပြေသလို ကြည့်လုပ်လေ၊ ဒါပေမဲ့ ငါနဲ့အတူ ထွက်မှာတော့ မသိစေနဲ့နော်၊ ငါတို့ တတွဲတွဲကဲတာကို နင့်အမေလည်း မကြိုက်ဘူး၊ ငါ့အမေလည်း မကြိုက်ဘူး''

''ငါ ပိပိရိရိ လိမ်တတ်ပါတယ်၊ မနက်ဖြန် မင်းထိုက်ကို လာ ခေါ်ခိုင်းပြီး ငါက မလိုက်ချင်သလိုလိုနဲ့ အီလိုက်ရင် ပြီးသွားပြီ၊ နင်ရော''

''တစ်ပတ်လုံးစာ လှိမ့်ထားတာပါ၊ ဇယားငြိမ်းတယ်''

''ပြီးရော ငါ့ နည်းနည်းကျွေးပါဦးဟ၊ ညည်းချည်းပဲ စားနေတာ ပဲ''

မခေင်ထူးထဲက ဟင်းဖတ်ကို နေ့ထူးမြတ် စွတ်ခနဲ ယူစား လိုက်၏။ မခေင်ထူးက ပြန်လုယူကာ

''ယောကျ်ားလေးဖြစ်ပြီး ညှာညှာတာတာ မရှိဘူး၊ ပြန်ပေး မခေင်ထူးက နေ့ထူးမြတ် နောက်ထပ်မယူအောင် ပါးစပ်ထဲ ပလုပ်ပ လောင်း သွင်းပစ်လိုက်သည်။

ထို့ကြောင့်ပင် လည်နင်သွားပြီမို့

''နည်းသေးတယ်၊ ရော့ ရေသောက်''

စည်ပိုင်းထဲက ရေကို နေ့ထူးမြတ် ခပ်တိုက်တာကို မခေင်ထူး ကလည်း

ရင်ဘတ်ထုရင်းက တဂွပ်ဂွပ် သောက်သည်။

''အား နေသာထိုင်သာ ရှိသွားပြီ''

''သေမှာပဲ၊ အဲလောက် အစားငမ်းတာ၊ ရော့ ငါ့ဇလုံဆေးပေး''

''ကိုယ့်ဘာသာ ဆေးပါလား''

''ငါ ကြက်သားကြော် ခိုးကျွေးတယ်လေဟာ''

''အဟဲ ကျေးဇူးရှင်ကြီး ပေး ဇလုံ''

နေ့ထူးမြတ် ဇလုံကိုယူပြီး ဖြစ်သလို ရေနှင့်ပက်ဆေးလိုက်၏ ။ နေ့ထူးမြတ်ကလည်း ဒါကို အပြစ်မပြော။

ပြောင်လား မပြောင်လား မသိသည့်လက်ကို ပုဆိုးစအောက် နားနှင့် သုတ်လိုက်ပြီး ကိုယ့်ကိစ္စကိုယ်ရှင်း၏ ။

''လက်သုတ်ဝတ် ငါ့လည်းငှားဦး''

''ညစ်ပတ်လိုက်တာ''

''အောင်မယ် နင်လည်း ဒီပုဆိုးပဲ သုတ်တာ၊ အတူတူပဲ''

''သုတ်ပြီးပြီ မဟုတ်လား၊ စကားမများနဲ့တော့၊ ဟိုတ် ဟိုမှာ လက်နှိပ်ဓာတ်မီးအရောင်၊ ညည်းအမေ ပြန်လာပြီလား မသိဘူး''

''သေချာတယ်၊ ဒိုးတော့ မိသွားရင် ဂွမ်းမှာ''

''စောစောအိပ်နော်''

''အေးပါ''

အသက်ရှူသံတောင် မကြားအောင် ခြေဖွနင်းလျက် အမေ အိမ်ထဲမရောက်ခင် အိမ်ပေါ်ပြန်တက်လာခဲ့သည်။ မင်သေသေပင် မီး

ရောင်အောက်မှာ ဘုရားစာအုပ် ထိုင်ဖတ်နေပြီး အမေ့ကိုမြင်မှ

''မမနဲ့ ဖုန်းပြောရလား၊ အဆင်ပြေခဲ့လား အမေ''

''မနက်ဖြန် လာယူတဲ့၊ ညည်း သွားလိုက်''

''ဘယ်လောက်လဲ''

''တစ်သိန်းလို့ ပြောခဲ့တာပဲ''

''သုံးပုံတစ်ပုံတော့ ခင်ထူး ပိုင်တယ်နော် အမေ၊ အမေ ဘယ်လို ဖြုန်းပစ်တယ်ဆိုတာ ခင်ထူး ပြောတာ မဟုတ်ဘူး''

''ညည်းကလည်းအေ ငါ့ကို ဒါနဲ့ပဲ ခြိမ်းခြောက်နေတာပဲ၊ ဟိုက မှာလိုက်တယ်၊ ပိုက်ဆံကို ချွေတာသုံးကြပါတဲ့၊ သူ့ယောက်ျားက နယ်စပ် က ကုမ္ပဏီခွဲမှာ ရုံးသွားထိုင်မှာနဲ့၊ သူ့မှာ ကိုယ်ဝန်လည်း ရှိနေလို့တဲ့''

''ဘာ''

မခင်ထူး တရားစာအုပ်ကို လွှင့်ပစ်ပြီး ခုန်ထလိုက်သည်။ အမေက မျက်လုံးမျက်ဆံပြူးစွာဖြင့်

''ဘာဖြစ်တာလဲဟဲ့''

''မမက ဒီလူကြီးနဲ့ ဘာလို့ ကလေးယူတာလဲ''

''ကလေးယူမှ ခံစားခွင့်ပိုရမှာပေါ့၊ မယားငယ်ဆိုတာ မယား ကြီးရဲ့ အကြွင်းအကျန် အရိုးအရင်းလောက်ပဲ ပိုင်ဆိုင်မှုရှိတာ မဟုတ် လား၊ ဟိုက ကလေးမယူရင် ပိုတောင် ကြိုက်ဦးမယ်''

''ဒါလည်း အမေ့ရဲ့အကြံဉာဏ်တွေပဲလား''

နာကျင်စွာ မေးလိုက်မိသလို အသံတွေက တုန်ခါသွားသည်။ အမေက ဘာမှမဖြစ်သလို နှုတ်ခမ်းကိုပင် တွန့်ကွေးလိုက်ပြီး

''ငါသာ အဲလို သတိမပေးရင် ဟိုဘက်က ကြိုးဆွဲတာကို ညည်းအစ်မ ခံနေရမှာ၊ ဟိုက ပညာတတ် အဆင့်အတန်းမြင့်တဲ့သူတွေ ဆိုတော့ လည်လိုက်တာမှ မွှတ်လို့၊ အပျိုရည်မပျက် အလှမပျက်လေးက ကြည့်ကောင်းပါတယ်လို့ မြှောက်ပြောတာကို အဟုတ်မှတ်နေတာလေ''

''အမေရယ် ပွဲလည်တင့်တဲ့ ပွဲတက်မယားလည်း မဟုတ်ဘဲနဲ့၊ ကလေးကို ဗန်းပြပြီး ဘာတွေ ထပ်မျှော်လင့်ချင်သေးလို့လဲ''

''အလိုတော် ညည်းက ဘာတွေ ပူပန်နေတာလဲ၊ ဟိုက သူ့ သွေးသားကို လွယ်ပိုးထားတာသိရင် ဖူးဖူးတောင် မှုတ်ထားဦးမယ်''

''ဟင် အဲဒီ လူကြီး မသိသေးဘူးလား''

''သေချာအောင် ဆေးစစ်ပြီးမှ ပြောခိုင်းထားတယ်၊ အဲဒါဆို ဘာမှလုပ်လို့ မရတော့ဘူး''

''အမေရာ ကျွတ် မပြောတော့ဘူး ကြိုက်သလိုလုပ်၊ မမဘဝကို အမေပဲ ခြယ်လှယ်''

စိတ်ဆိုးမာန်ဆိုးဖြင့် အိပ်ရာထဲ ဝင်လှဲနေလိုက်သည်။ အမေ့ ရဲ့ ဗျစ်တောက်ဗျစ်တောက် အသံမကြားအောင် နားကို ခေါင်းအုံးနှင့် ဖိအုပ်၍ မျက်လုံးတွေလည်း စုံမှိတ်ထားလိုက်၏ ။

ဒါပေမဲ့လည်း မျက်လုံးထဲမှာ ဗိုက်ဖုံးအကျႌလေးနှင့် မမကို မြင်ယောင်ပြီး နားထဲမှာလည်း ညည်းညူသံတွေ ကြားယောင်နေကာ ...။

***

# အခန်း (၄)

ကိုယ့်ကိုခေါ်နေမှန်း နားထဲမှာ ကြားပေမယ့် နှုတ်ခမ်းမွေးကိုပဲ အာရုံစိုက်ကာ စိတ်ရှည်ရှည် ရိတ်သင်နေလိုက်သည်။ မနေ့က နင့်နှုတ်ခမ်း မွေးတွေ ရှည်နေပြီလို့ မေခင်ထူး သတိပေးထားသည်ပဲ။

''ဟဲ့ နေ့ထူးမြတ် ခေါ်နေတာ မကြားဘူးလား''

''လန့်လိုက်တာ အမေရာ၊ တိုးတိုးအော်တာ မဟုတ်ဘူး၊ ဒီမှာ နှုတ်ခမ်းမွေးရိတ်နေတာ ဓားထိသွားတော့ ဘယ်လိုလုပ်မလဲ''

''နင်က ဘယ်သဝေထိုးဖို့ အလှပြင်နေတာလဲ၊ နင် သင်္ကြန် တစ်ရက်မှ အိမ်မှာအနားမနေသေးဘူးနော်၊ မိဘက လက်တိုလက်တောင်း ခိုင်းမယ်ဆို အနားမှာမရှိဘူး၊ ဘာလဲ မေခင်ထူးနဲ့ ထွက်လည်နေတာ မဟုတ်လား''

''စိတ်ထင်တာတွေ လျှောက်မပြောပါနဲ့ အမေရာ၊ သူက ရိပ်သာ မှာ လုပ်အားသွားပေးနေတာ၊ ကျွန်တော်က သူငယ်ချင်းမိဘတွေ အလှူ လုပ်လို့ သွားကူညီရတာ ၊ သူများတွေများ တော်လိုက်ကြတာ၊ သင်္ကြန် ရက်အခါကြီးရက်ကြီးမှာ လှူကြတန်းကြ ဥပုသ်တွေစောင့်ကြနဲ့ ဘယ် လောက်များ ကုသိုလ်ရကြမလဲ''

''နေ့ထူးမြတ် နင် ငါ့ကိုရွဲ့နေတာလား''

ပြောရင်းနှင့် ခေါင်းကို ခေါက်ဖို့ ရွယ်လိုက်တာမို့ ဓားကိုလွှတ် ချကာ ရှောင်လိုက်ရသည်။ မဟုတ်လျှင် ဓားသွားက တိခနဲ ဖြစ်သွားမှာ။

''ကျွန်တော်က အမေ့ကို ဘာလို့ရွဲ့ရမှာလဲ၊ သူများတွေ ကုသိုလ်

ယူတာကို မုဒိတာ ပွားတာပါ''

''ငါက ကုသိုလ်ဒါန မလုပ်ဘဲ ချဲပဲတွက်နေလို့ နင်ရွဲ့တာ မဟုတ်ဘူးပေ့ါလေ၊ နင့်ကိုငါ မွေးထားတာ၊ နင့်ပါးစပ်က ထွက်လိုက်တာ နဲ့ ဘာပြောချင်တယ်ဆိုတာ ငါ သိပြီးသား၊ နင်ကလေ ဆယ်တန်းသာ မအောင်တာ၊ မိကျောင်းမင်းကို ရေခင်းပြဖို့တော့ တတ်တယ်၊ ငါ့သား ကြီးနဲ့များကွာပ့ါ''

''ကိုကိုကရော ဆရာဝန်မကို ရထားတယ်ဆိုပြီး ဘာအသုံးကျ လို့လဲ မေမေ၊ ဟိုက အသက်ကြီးကြီးမို့ ချူမြိုက်စားလို့ရမှာပဲဆိုပြီး အမိဖမ်းလိုက်တာ၊ သူ့ဘဝတောင် အညွန့်တုံးတော့မယ်''

''ဟဲ့ ဟိုက ကျောင်းထားပေးတယ်၊ ငါ့သာဆို အဝေးသင်တောင် တက်ခိုင်းနိုင်ပ့ါမလား၊ အခု ဆေးတက္ကသိုလ်ထားပေးတယ်ဆိုတာ ငွေ ဘယ်လောက်ကုန်တယ်မှတ်လဲ''

''နောင်တစ်ချိန် အကျိုးအမြတ် ခံစားဖို့ ရင်းနှီးမြှုပ်နှံတာလို့ တွေးကြည့်ရင်ရော မရဘူးလား အမေ၊ အခု ဟိုက လက်ဝါးကြီးအုပ်နေ တာ ကျွေးတာစား၊ ပေးတာယူ၊ ဘယ်လောက်မျက်နှာငယ်ဖို့ကောင်းလဲ''

''ဩော် သူ အဆင့်အတန်းမြင့်မြင့် နေနေရပါတယ်၊ မဝတ်ဘူး တာတွေ ဝတ်ရတယ်၊ မစားဘူးတာတွေ စားရတယ်၊ ကိုယ်ပိုင်ကားနဲ့ ကျောင်းတက်ရတယ်''

''အဲလိုမျိုး နေရတာ ယောကျ်ားပိုင်းလုံးတွေပဲ သာယာတာ အမေ၊ ကျွန်တော်ကတော့ မိန်းမထဘီနား ခိုစားပြီး ကိုယ့်ဘဝကိုယ် မြှင့်တင်ရမှာမျိုး မလုပ်ဘူး''

''အမလေးဟယ် ကြီးကျယ်လိုက်တာ၊ နင့်လို တေလေဂျပိုးက ဟိုဘက်အိမ်က ယောကျ်ားမဟုတ် မိန်းမမဟုတ် စပ်စလူးစိန်နဲ့ပဲ လိုက် တယ်၊ အေး ဖြစ်ကြည့်လို့ကတော့ လုကြွယ်တို့က ထဘီခါးစောင်းတင်ပြီး သားပဲနော်၊ ငါ့သားတွေက ဒီရပ်ကွက်ထဲကဟာမတွေနဲ့ မတန်ဘူးလို့ ဟစ်တိုင်တက်ပြီးသား''

ကြုံးဝါးသံက ကျောပင်ချမ်းစရာ။ အတိုက်အခံ ပြောချိန်တိုင်း စကားလုံးနှင့်မနိုင်လျှင် ဒိုးခနဲဒေါက်ခနဲ လက်ပါလာတတ်တာမို့ အမေ ရှေ့က ထွက်လာခဲ့သည်။

''ဟဲ့ စကားပြောနေရင်းနဲ့ ဒါက ဘယ်လဲ''

''ရေချိုးမလို့ပေါ့ အမေရ''

''ဒီနေ့လည်း ထွက်ဦးမလို့လား''

''မသွားတော့ဘူးလို့ စဉ်းစားနေတာ၊ မင်းထိုက်က သူ့အမေ တရားစခန်းဝင်နေတာ တစ်ယောက်တည်း အိမ်စောင့်ရလို့ ပျင်းလို့တဲ့၊ တော်ကြာ လာခေါ်မှာ''

''အေး ပြီးရော ငါလည်း ကမ်းနားလမ်းက ဘိုးတော်ဆီ ဂဏန်းသွားတောင်းလိုက်ဦးမယ်၊ မနေ့က အိပ်မက်ဂဏန်းလေး အတိတ် စိမ်းလေးပေးရင် ပေါက်အောင်ဆိုပြီး တင်မလို့၊ မြှောက်မလို့ လုပ်ထား တဲ့ ကြက်ကြော်တွေ ဘယ်အလေနတော ကြွက်တွေကြောင်တွေ စားသွား လဲ မသိဘူး၊ အဆိပ်မိပြီး သေမယ့်ဟာတွေ''

နေ့ထူးမြတ် တစ်ဖက်လှည့်ကာ ကြိတ်ရယ်မိသည်။ အမေ အိမ်အောက်ဆင်းသွားမှ လက်ကိုဆွဲထားလိုက်ပြီး

''မုန့်ဖိုးပေးခဲ့ပါဦး သူငယ်ချင်းအိမ်မှာ ပျင်းရင် ဘာလေးညာ လေး ဝယ်စားရအောင်''

''အရက်တွေ ဘီယာတွေ သောက်မလို့လား''

''မဟုတ်ပါဘူး အမေရ၊ အဲဒါကတော့ လုံးဝမလုပ်ဘူး၊ စိတ် ချ မကောင်းမှုကို ဝေးဝေးက ရှောင်ကျဉ်တယ်''

ဒါကိုတော့ ဒေါ်လှကြွယ် စိတ်ချသည်။ ဖအေက အရက်သမား

ဆိုသော်လည်း သားနှစ်ယောက်လုံး အတုမခိုးကြ။ ရုပ်ရည်က သန့်သန့် ပြန့်ပြန့် ယောကျ်ားပီပီသသ လူချောတွေမို့ လူကိုထံမိန်းမတွေ အကြိုက်ပါ။

ဒါကြောင့်လည်း ပစ္စည်းမဲ့ လူတန်းစားတွေသာနေသော ဒီရပကွက်က မိန်းကလေးတွေနှင့် လုံးဝကို သဘောမတူနိုင်ပေ။ သားကြီး ဆို အခု ဒေါက်တာဒေါ်သိဂီအေးရဲ့ ယောကျ်ားအဖြစ်နဲ့ ဘယ်လောက် တောင် ဂုဏ်တင့်တယ်လိုက်သလဲ။ ဆရာဝန် ချွေးမကိုရထားလို့ မိမိမှာ လည်း မျက်နှာပွင့်လှသည်။ ဟိုလူကခေါ်ပြော နှုတ်ဆက်ချင်၊ ဒီလူက အလှူအတန်းဖိတ်ချင်နှင့်။ သားတွေရဲ့အဖေ ဆိုက်ကားနင်းတာတောင် ဂုဏ်ငယ်ခဲ့ရတာ မဟုတ်။ ဆရာဝန်ချွေးမကလည်း သူ့ရဲ့ဂုဏ်ဒြပ်နဲ့ညီ အောင် ပေးကမ်းထောက်ပံ့ထားခဲ့သည် မဟုတ်လား။

သားတို့အဖေကို ဆိုက်ကားမနင်းဖို့လည်း အတန်တန် တားရှာ ပါသည်။ ဒါပေမဲ့ ကိုဘသော်ကိုက ကိုယ့်ငွေနဲ့ကိုယ်ပဲ အရက်သောက်ရ တာ အဆင့်အတန်းရှိသည်ဟု ထင်နေသည်။

အရက်သမားဖြစ်ပြီး ဘယ်သူ့ဆီမှ လက်ဝါးမဖြန့်ဘူးဟု လက်မ ထောင်ချင်သေး၏ ။

''အမေ ဘာကြည့်နေတာလဲ၊ သွားမှာသွားတာ မဟုတ်ဘူး''

ပိုက်ဆံထုတ်ပေးရင်းက သူ့ကိုကြည့်ကာ ငူငူကြီးရပ်နေတာမို့ သတိပေးလိုက်တော့ သူ့လက်ထဲကို ပိုက်ဆံထိုးထည့်ရင်း

''နင့်ကို ချောလွန်းလို့ ကြည့်နေတယ်များ မှတ်နေလား၊ ငါ အတွေးလွန်သွားလို့၊ ကဲ သွားပြီ ညနေစောစော ပြန်လာနော်''

''ဟုတ်ကဲ့ပါ''

အမေ ထွက်သွားမှ ရေချိုးဖို့ အကျႌချွတ်ကာ ထွက်လာခဲ့သည်။

''ဟင်''

ဟိုဘက်က ရေစည်ပိုင်းနားမှာလည်း မေခင်ထူး ရေချိုးနေ သည်။ သူ ဟိုကြည့်ဒီကြည့်နှင့် မေခင်ထူးတို့ခြံစည်းရိုးနား တိုးကပ်သွား လိုက်၏။

''ဟိတ်''

''အမလေး နေ့ထူးမြတ် သောက်ကောင် လန့်သွားတာပဲ''

အလန့်တကြားပင် ရင်ညွန့်လေးကို လက်နှစ်ဖက်ဖြင့် ယှက်သိုင်း ဖုံးအုပ်ထားလိုက်မိသည်။

နေ့ထူးမြတ်က အလိုက်ကန်းဆိုးမသိစွာပင် ပြူးတူးပြဲတဲ ကြည့် နေပြီး

''နင့်အမေရော''

''ဖဲနိုင်အောင် ဘာဓာတ်ရိုက်ဓာတ်ဆင် လုပ်မလို့လဲမသိဘူး၊ ဈေးထဲ ပန်းသွားဝယ်တယ်၊ ဟဲ့ ငါ ရေချိုးနေတာကို ဘာလုပ်နေတာလဲ သွားတော့လေ''

''အောင်မာ ညည်းဟာ ဒီလောက် ပိန်ကပ်ပြားချပ်နေတာ၊ ရင်ခုန်စရာ တစ်စက်မှမရှိဘူး၊ အိုဗာပေးမနေနဲ့''

''ကောင်စုတ် သေနာ၊ အစုတ်ပလုတ်ကောင် ချီးကားတိုက် သေပါစေ''

ရှက်ရှက်နှင့် မေခင်ထူး ကျိန်ဆဲတော့ နေ့ထူးမြတ် တဟားဟား အော်ရယ်သည်။ အမြင်ကတ်ကတ်နှင့် နေ့ထူးမြတ်ကို မေခင်ထူး ရေနှင့် လှမ်းပက်လိုက်သည်။

''လဒကောင် သူများသားသမီးကို မှိုချိုးမျှစ်ချိုး ပြောတယ်၊ နင် ရင်ခုန်အောင်ပဲ ငါက ရှိပေးရဦးမှာလား''

''ဟေ့ ဟေ့ တော်ပြီ၊ ငါ အကောင်းပြောမလို့''

''ပြော''

''ငါက ရေချိုးပြီးတာနဲ့ တံခါးပိတ်ပြီး မင်းထိုက်တို့အိမ် သွား နှင့်မယ်၊ ညည်း တန်းခနဲ လိုက်လာမှာမဟုတ်လား''

''အလုပြင်ရင် ကြာဦးမှာ''

''လုပ်မနေနဲ့၊ ဒီရုပ်က ဒီရုပ်ပဲ''

''လဒစုတ် မုဆိုးမနဲ့ ညားမယ့်ကောင်''

''ဟား ဟား ဟား''

ဟိုဘက်ဒီဘက် ရေနှင့်အပြန်အလှန် ပက်နေကြတာမို့ တော် တော်နှင့် ရေချိုးလို့ မပြီးနိုင်။ မိဘတွေလစ်တာနှင့် ဒီလိုမျိုး တရင်းတနှီး နေဖြစ်ကြမြဲ။

မမြင်ရသောကြိုးများက တဖြည်းဖြည်း ရစ်ပတ်နှောင်ဖွဲ့လို့...။

***